# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 19, 2019 Volume 17, Number 13


**၁၉.၃.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၀၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၆၇၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၅/ကျပ် |
| CBM Rate | = ၁၅၄၂.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၅၀.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၄၁.၅ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၀၄၄.၉ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၅.၈ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၉၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၉.၆၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၃၉၈ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၆.၅၁ကျပ် |
| မလေးရှားရင်းဂစ် | = ၃၇၈.၅၀ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၆၉၀ကျပ် |

Source: CBM Rate. SFJ Journal

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ


ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## ယောဒေသထွက်ကြက်သွန်ဖြူများ ပခုက္ကူဈေးကွက်တွင် ယမန်နှစ်ထက် ဈေးနှစ်ဆမြင့်တက်နေ

ယခုနှစ် ယောဒေသထွက် ဗမာကြက်သွန်ဖြူများ ပခုက္ကူဈေးကွက်သို့ စတင်ဝင်ရောက်လာချိန်တွင် ယမန်နှစ်ကထက် ဈေးနှုန်းများ နှစ်ဆခန့်မြင့်တက်လာကြောင်း တောင်သူများနှင့် ပခုက္ကူမြို့ရှိပွဲရုံများမှ သိရသည်။ ကြက်သွန်ဖြူစိုက် တောင်သူဦးသန်းကျော်က ဗမာကြက်သွန်ဖြူများကို ဒေသအနေနှင့် သီတင်းကျွတ်၊ တန်ဆောင်မုန်း လများတွင် စတင်စိုက်ပျိုးကြပြီး ရက်ပေါင်း ၈၀ကျော်လျှင် နုတ်သိမ်းကာ ဈေးကွက်အတွင်းသို့ တိုက်ရိုက် ရောင်းချကြောင်း၊ ပြီးခဲ့သည့်နှစ်က ဗမာကြက်သွန်ဖြူတစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၅၅၀ ခန့်သာ ဈေးရှိခဲ့သော်လည်း ယခုနှစ်စပေါ်ချိန်တွင် ၁၃၀၀ ကျပ်ဈေး ရောင်းချနေရကြောင်း၊ ယမန်နှစ်က ကြက်သွန်ဖြူစိုက်ရာတွင် အရှုံးနှင့်ရင်ဆိုင် ခဲ့ရပြီး ယခုတစ်ပိဿာ ကျပ်တစ်ထောင်ကျော်ဈေးရမှ အရင်းရရုံသာရှိကြောင်း ပြောသည်။

မြနီလာကုန်စိမ်းပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်လှိုင်က ဗမာကြက်သွန်ဖြူများနည်းတူ တရုတ်ကြက်သွန်ဖြူများလည်း ပခုက္ကူဈေးကွက်သို့ ဝင်ရောက်နေကြောင်း၊ တရုတ်ကြက်သွန်ဖြူများသည် အထားခံပြီး ဗမာကြက်သွန်ဖြူများမှာ သက်တမ်းကုန်လျှင် ပိန်ခြောက်သွားကာ အခွံသာကျန်ရှိတော့ကြောင်း၊ တရုတ်ကြက်သွန်ဖြူများမှာ အထားခံသလို ဈေးနှုန်းလည်းမြင့်သည့်အတွက် စားသောက်ဆိုင်များက အများဆုံးသုံးကြပြီး ဗမာကြက်သွန်ဖြူများကို ပြည်သူအများစုက အသုံးများကြကြောင်းပြောသည်။ ဟင်းခတ်စားသောက်လျှင် ဗမာ ကြက်သွန်ဖြူက ပို၍အနံ့မွှေးကြောင်း၊ တရုတ်ကြက်သွန်ဖြူများမှာ အမျိုးအစားမျိုးစုံရှိပြီး အနိမ့်ဆုံးတစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဝန်းကျင်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS

## မန္တလေးပဲ၊ နှမ်းဈေးကွက်အရောင်းအဝယ်နေးသည့်အပြင် ဈေးနှုန်းပါ ကျဆင်းလာ

မန္တလေး ပဲနှင့်နှမ်းဈေးကွက်တွင် ယခုရက်ပိုင်းအတွင်း အရောင်းအဝယ်နေးလာသည့်အပြင် ဈေးနှုန်းများပါ ကျဆင်းလာကြောင်း မန္တလေးကုန်စည်ဒိုင် ပဲ၊ နှမ်း ဈေးကွက်အတွင်းမှသတင်းရရှိသည်။ လက်ရှိ မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် မြေပဲတစ်မျိုးသာ ပြည်ပသို့တင်ပို့မှုရှိနေသည့်အတွက် အရောင်းအဝယ်ပုံမှန်ရှိနေသော်လည်း၊ အခြားပဲမျိုးစုံနှင့် နှမ်းမှာအရောင်းအဝယ်ရပ်တန့်နီးပါးဖြစ်နေကြောင်းသိရသည်။

ပြည်ပဘက်တင်ပို့တဲ့ မြေပဲကဈေးကောင်းပြီး အရောင်းအဝယ်ကောင်းကြောင်း၊ ကျန်တာကအေးစက်နေကြောင်း တရုတ်ဘက်ကလည်း အခုရက်ပိုင်း အဖမ်းဆီး များနေကြောင်း မန္တလေးကုန်စည်ဒိုင်မှ ပဲ၊ နှမ်းကုန်သည် ဦးအောင်ကြိုင်က ပြောသည်။ ထို့ပြင်ဈေးကွက်အတွင်းသို့ ပဲမျိုးစုံအသစ်များ

ဝင်ရောက်လာပြီဖြစ်သည့် အတွက် ပဲမျိုးစုံဈေးနှုန်း ကျဆင်းမှုများရှိလာပြီး နှမ်းမှာမူအရောင်းအဝယ်နေးသော်လည်း ဈေးနှုန်းကျဆင်းခြင်းမရှိသေး ကြောင်းသိရသည်။ နှမ်းက တရုတ်ဘက်က အချိန်မရွေးဝယ်နိုင်ကြောင်း၊ တရုတ်ဘက်က အခြေအနေကောင်းရင် နှမ်းက ချက်ခြင်းဈေးကောင်းနိုင်ကြောင်း၊ ပဲမျိုးစုံကသာ ဈေးကျနေကြောင်း ပဲကုန်သည် ဦးမျိုးဆွေကပြောသည်။

လက်ရှိ မန္တလေးကုန်စည်ဒိုင် ပဲဈေးကွက်တွင် မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ၆၅,၀၀၀ ကျပ်မှ ကျပ် ၇၀,၀၀၀ ကျပ်ခန့်၊ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင် ၉၇,၀၀၀ ကျပ်မှ ၉၈,၀၀၀ ကျပ်ခန့်၊ ပဲတီစိမ်း သုံးတင်းဝင်တစ်အိတ်လျှင် ၁၁၀,၀၀၀ ကျပ်မှ ၁၂၀,၀၀၀ ကျပ်ခန့်ရှိနေကြောင်းသိရသည်။ အလားတူ နှမ်းညို သုံးတင်းဝင်တစ်အိတ်လျှင် ၁၇၅,၀၀၀ ကျပ်၊ နှမ်းဝါ သုံးတင်ဝင်တစ်အိတ်လျှင် ၁၅၀,၀၀၀ ကျပ်၊ နှမ်းဖြူသုံးတင်းဝင် တစ်အိတ်လျှင် ၁၇၇,၀၀၀ ကျပ်၊ နှမ်းနက် သုံးတင်းဝင်တစ်အိတ်လျှင် ၂၄၀,၀၀၀ ကျပ်ခန့် ရှိနေကြောင်းသိရသည်။

**Source:** http://www.amiamyanmar.com/detail.aspx?id=6919

## မြန်မာ့ဒန့် သလွန်သီးကို ပြည်ပနိုင်ငံများမှ ဝယ်ယူရန်ကမ်းလှမ်းထား



ပြည်တွင်းမှ ဒန့်သလွန်သီးကို ပြည်ပနိုင်ငံများမှ ဝယ်ယူရန်ကမ်းလှမ်းမှုများရှိနေကြောင်း မြန်မာနိုင်ငံ ဒန့်သလွန်သီးနှင့် ရဲယိုစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့(ယာယီ)မှ သတင်းရရှိသည်။ လက်ရှိတွင် ဒန့်သလွန်သီးကို ပြည်ပနိုင်ငံများမှ ဓာတ်စာအဖြစ်အသုံးပြုရန်အတွက် ကမ်းလှမ်းလာခြင်းဖြစ်ကြောင်းနှင့် ကမ်းလှမ်းသည့်နိုင်ငံများမှာ ဂျပန်၊ တရုတ်(တိုင်ပေ)၊ အမေရိကန်နိုင်ငံတို့ဖြစ်ကြောင်း မြန်မာနိုင်ငံဒန့်သလွန်သီးနှင့် ရဲယိုစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ (ယာယီ)၏ ဥက္ကဋ္ဌဦးမြင့်ကိုက ပြောသည်။ ဒန့်သလွန်သီးနဲ့ပတ်သက်ပြီး ဝယ်ယူတာမျိုးလည်းလုပ်မယ်။ နည်းပညာနဲ့ပျိုးပင်တွေကအစကူညီပေးဖို့ ကမ်းလှမ်း ထားကြတယ်။ သူတို့ဘက်က ကမ်းလှမ်းချက်အတိုင်း ပြည်တွင်းမှာမရနိုင်သေးဘူး။ ထပ်စိုက်ဖို့လိုသေး ကြောင်း ဦးမြင့်ကိုကပြောသည်။

လက်ရှိ ပြည်တွင်းဈေးကွက်တွင် ဒန့်သလွန်သီး အမှုန့်တစ်ကီလိုလျှင် ၆၀,၀၀၀ ကျပ်၊ အစေ့ ၁၀ မီလီဂရမ်လျှင် ၅,၀၀၀ ကျပ်ခန့်ဈေးရှိနေပြီး ဒန့်သလွန်သီးမှာ နေရာမရွေးစိုက်ပျိုးနိုင်ကာ လက်ရှိတွင် ဒန့်သလွန်သီးကို မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ဘက်တွင် အများဆုံးရရှိနေကြောင်းသိရသည်။ လတ်တလောတွင် ဒန့်သလွန်သီးကို တရုတ်နှင့် ကိုရီယားနိုင်ငံများသို့ တင်ပို့ရောင်းချနေပြီး၊ ပြည်တွင်း၌ ဒန့်သလွန်သီးထွက်ရှိသည့် ပမာဏတိုးပွားလာပါက အခြားပြည်ပနိုင်ငံများသို့လည်း တိုးချဲ့တင်ပို့သွားမည်ဖြစ်ကြောင်းသိရသည်။

**Source:** http://www.phothutaw.com/2019/03/blog-post_610.html

## အိန္ဒိယက မကြာမီ ပဲတင်သွင်းခွင့်ပြုဖွယ်ရှိ

အိန္ဒိယအစိုးရသည် မတ်ပဲ၊ ပဲစင်းငုံ အပါအဝင် ပြည်ပမှတင်သွင်းလိုသည့် ပဲတန်ချိန်အဆိုပြုလွှာများကို အွန်လိုင်းက လျှောက်လွှာခေါ်ယူနေသည်ဟု သတင်းရထားကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ အိန္ဒိယအစိုးရသည် မြန်မာအပါအဝင် ပြည်ပမှပဲတင်သွင်းခွင့်ကို ပြီးခဲ့သည့် ဇန်နဝါရီ ၃၁ ရက်နောက်ပိုင်းက စတင်ရပ်ဆိုင်းခဲ့သည်။ ထိုသို့ရပ်ဆိုင်းမှုကြောင့် နောက်တစ်ရက်တွင် ပြည်တွင်းဈေးကွက်၌ မတ်ပဲတစ်တန်လျှင် ငါးသိန်းခြောက်သောင်းကျပ်သို့ကျဆင်းခဲ့သည်။

ထို့နောက်ဈေးနှုန်းပြန်လည်မြင့်တက်လာပြီး မတ်လ ၁၈ ရက် ပြည်တွင်းဈေးကွက်၌ မတ်ပဲတစ်တန်လျှင် ကျပ်ခြောက်သိန်းခုနစ်သောင်းငါးထောင်ဈေးရှိနေသည်။ ထို့အတူ ပဲစင်းငုံတစ်တန်ဈေးနှုန်းကလည်း ကျပ်ခုနစ်သိန်းတစ်သောင်းငါးထောင်ဈေးရှိကြောင်း ဘုရင့်နောင်ပဲကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးကပြောသည်။ လက်ရှိ မြန်မာနိုင်ငံတွင်

မတ်ပဲအသစ်ပေါ်ချိန်၌ သိုလှောင်လိုသည့် ပြည်တွင်းကုန်သည်များ၏ ဝယ်လိုအားကောင်းခြင်းနှင့် အထွက်နှုန်း လျော့နည်းခြင်းက မတ်ပဲတစ်တန်ကို ကျပ်တစ်သိန်းကျော်သို့ ဈေးပြန်လည်မြင့်တက်စေကြောင်း ၎င်းက ဆိုသည်။ အိန္ဒိယမှ မတ်ပဲအဝယ်မရှိသော်လည်း ပါကစ္စတန်နှင့် ယူအေအီး နိုင်ငံတို့က တန်ချိန်အနည်းငယ် ဝယ်လိုအားရှိနေသည်။

မတ်ပဲဈေးနှုန်းက နယ်မြို့များတွင် တစ်တန်လျှင် ကျပ် ၂၅,၀၀၀ ခန့်ရှိနေပြီး ဝယ်လိုအားပုံမှန်ရှိကြောင်း ဓနုဖြူမြို့နယ်မှ လယ်သမား ဦးသိန်းအောင်ကပြောသည်။ မြန်မာနိုင်ငံတွင် မတ်ပဲကို မိုးစပါးစိုက်ပျိုးပြီးလျှင် ဆောင်းသီးနှံအဖြစ် ဧရာဝတီတိုင်း၊ ပဲခူးတိုင်းတို့တွင် ပမာဏများစွာစိုက်ပျိုးသည်။ ဧရာဝတီတိုင်းတွင် မတ်ပဲစတင်စိုက်ပျိုးစဉ်က မိုးရွာသွန်းမှု များခြင်းကြောင့် မတ်ပဲစိုက်ခင်းအချို့ ပျက်စီးသည့်အပြင် စိုက်ခင်းအချို့လည်း အထွက်နှုန်းလျော့နည်းသည်ဟု ဦးသိန်းအောင်ကပြောသည်။

**Source:** http://www.7daydaily.com/story/152465

## နိုင်ငံခြားသို့ မြန်မာကော်ဖီတင်ပို့ မှု တိုးတက်မှုရှိလာ

မြန်မာနိုင်ငံ၏ နိုင်ငံခြားသို့ ကော်ဖီတင်ပို့မှုသည် ယခင်နှစ် တွေထက် ၂ ဆ၊ ၃ ဆ တိုးတက်လာကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်း (ရန်ကုန်အစုအဖွဲ့)၏ ဥက္ကဋ္ဌ ဦးမောင်မောင် မင်းဇင်ကပြောသည်။



တိုးတက်လာတာ ကိန်းဂဏန်းတော့ သေချာမမှတ်မိဘူး။ ဒါပေမယ့်တိုးတက်မှုအရ ပြောရမယ်ဆိုရင် အများကြီး တိုးတက်လာတယ်လို့ပြောလို့ရတယ်။ အရင်၊ အရင်နှစ်တွေတုန်း ကထက်ဆိုရင် ၂ ဆနီးပါး၊ ၃ ဆ နီးပါးတိုးတက်လာတယ်။ ဟိုးအရင်တုန်းကဆိုရင် ကော်ဖီကိုတင်ပို့တယ်ဆိုတာ ဈေးနှုန်း ကောင်းကောင်းမရကြောင်း၊ အခုကြတော့ ဈေးနှုန်းကို နိုင်ငံတကာတန်းတူရကြောင်း၊ တစ်ချို့ကော်ဖီတွေဆိုရင် နိုင်ငံတကာထက်ပိုပြီးရတာတွေရှိကြောင်း ၎င်းကဆိုသည်။ မတ်လ ၁၄ ရက်နေ့က ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ် ဉာဏ်ကြီးရှင် ရှမ်းတောင်မြင့် ကော်ဖီလုပ်ငန်းရုံးချုပ်တွင် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ပြည်သူများပါ ပါဝင်နိုင်သည့် ကော်ဖီအရည်အသွေး အကဲဖြတ်ပွဲတွင်ပြောခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ ကော်ဖီစိုက်ပျိုးမှု ထုတ်လုပ်မှု အခြေအနေသည် အခြေအနေကောင်းဖြစ်လာပြီး ရလဒ်ကောင်းများရရှိလာပြီဖြစ်ကြောင်း ဉာဏ်ကြီးရှင် ရှမ်းတောင်မြင့် ကော်ဖီလုပ်ငန်း ဒါရိုက်တာဦးငွေထွန်းကပြောသည်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်လို့ မြန်မာနိုင်ငံသည် အရမ်းကို အခြေအနေကောင်း ဖြစ်လာပါပြီဆိုတာ ပြချင်လို့လည်း ဒီပွဲလေးလုပ်ဖြစ်တာဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှာ အမှတ် ၉၀ ကျော်ရဖူးတဲ့ ကော်ဖီတစ်ခါမှ မထွက်ဖူးကြောင်း ၎င်းကပြောသည်။

ကော်ဖီအရည်အသွေးအကဲဖြတ်ပွဲတွင် ရှမ်းပြည်နယ်၊ ရွှေငံမြို့နယ်မှထွက်ရှိသည့် ကော်ဖီစေ့နမူနာ ၅ မျိုးကို စင်ကာပူနှင့်ဟောင်ကောင်တို့မှ အကဲဖြတ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမှ ကော်ဖီမြည်းစမ်းမှု ကျွမ်းကျင်သူများက အကဲဖြတ်ခဲ့ကြသည်။ ယနေ့အကဲဖြတ်ပွဲတွင် Geisha ၊ Pink Bourborn၊ Yellow Cattura၊ Red Cataui နှင့် Saramon စသည့် ကော်ဖီ ၅ မျိုးကို အကဲဖြတ်ခဲ့ပြီး Geisha မျိုးသည် အမှတ် ၉၀ ကျော်ရရှိကာ အထူးတန်းဝင်ကော်ဖီအဖြစ် သတ်မှတ်ခံခဲ့ရခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှထွက်ရှိသော ကော်ဖီများသည် ကော်ဖီအဆင့်သတ်မှတ်ချက် အမှတ် ၈၀ နှင့် အထက်တွင်ရှိပြီး အမေရိကန်၊ ကနေဒါ၊ ဂျပန်နိုင်ငံသို့အဓိကတင်ပို့နေပြီး လက်ရှိတွင်နိုင်ငံခြားတင်ပို့မှုလည်း တိုးတက် နေလျှက်ရှိကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှသိရသည်။

**Source:** http://www.phothutaw.com/search/label/

## ပြည်တွင်းစပါးဈေး တင်းတစ်ရာလျှင် ကျပ်ငါးသိန်းခန့် သို့ ကျဆင်းလာ

တရုတ်အဝယ်ရပ်နေခြင်းကြောင့် နွေစပါးပေါ်ချိန်တွင် ပြည်တွင်း စပါးဈေးသည် တင်း ၁၀၀ လျှင် ကျပ်ငါးသိန်းခန့်သို့ ကျဆင်း လာသည်။ ပြည်တွင်း ဈေးကွက်တွင် စပါးဈေးသည် တင်း ၁၀၀ လျှင် ကျပ်ခြောက်သိန်းမှ ငါးသိန်းခွဲအကြား ဈေးရှိသော်လည်း နွေစပါးအသစ်ပေါ်ချိန်တွင် ဒေသအလိုက် စပါးတင်း ၁၀၀ ၏ တန်ဖိုးက ၁၀ ရာခိုင်နှုန်းခန့် ကျဆင်း လာသည်။ ထိုသို့ စပါးဈေးကျဆင်းရခြင်းက တရုတ်ဈေးကွက်အဝယ် ရပ်တန့်နေခြင်းကြောင့်ဖြစ်ရခြင်းဟု မြန်မာနိုင်ငံ



ဆန်စပါးအသင်းချုပ်ဗဟို အလုပ်အမှုဆောင် ဦးမျိုးသူရအေး ကပြောသည်။

လက်ရှိစပါးဈေးသည် မြန်မာနိုင်ငံ၏အခြေခံရည်ညွှန်း စပါးဈေးနှုန်းတင်းတစ်ရာ ကျပ်ငါးသိန်းသို့ရောက်ရှိရန် နီးစပ်လာသည်။ ပြည်တွင်း၌ စပါးတင်း ၁၀၀ ကျပ်ငါးသိန်းအောက် ကျဆင်းမည်ဆိုပါက အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ဝယ်ယူရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နွေစပါးစိုက်ကေသုံးသန်းခန့်ရှိနေပြီး စိုက်ပျိုးသည့် စပါးအများစုကလည်း သက်န(ရက် ၉၀) ဆန်ကြမ်းအမျိုးအစားစပါးများဖြစ်သည်။ နွေစပါးများ၏ အဓိကဈေးကွက်က ပြည်ပတင်ပို့ရန်ဖြစ်ကြောင်း ပဲခူးတိုင်းအရှေ့ခြမ်းမှ ဆန်ကုန်သည် ဦးမြင့်ဌေးကပြောသည်။ နွေစပါးအပါအဝင် မိုးရာသီစိုက် ဆန်ကြမ်း စပါးဈေးကလည်း နယ်စက်ပိုင်များက စိုက်ပျိုးထုတ်လုပ်မှုပုံစံပြောင်းပြီး ကြိတ်ခွဲရောင်းချကြောင်း ဘုရင့်နောင် ဆန်ကုန်စည်ဒိုင် အတွင်းရေးမှူး ဦးသန်းဦးကပြောသည်။

တရုတ်က ဝယ်ယူလေ့ရှိသော အကျိုးအကြေ မပါသလောက် နည်းပါးသည့် ဆန်ကြမ်းရှယ် အမျိုးအစားများအစား အကျိုးအကြေ ၂၅ ရာခိုင်နှုန်းအထိပါဝင်သော ဆန်အမျိုးအစားများကို ပြောင်းလဲကြိတ်ခွဲထုတ်လုပ်ပြီး ပင်လယ်ရေကြောင်းမှ ပြည်ပတင်ပို့သူများထံ ရောင်းချနေရသည်ဟု ၎င်းကဆိုသည်။ မြန်မာနိုင်ငံ၏ပြည်ပသို့ ဆန်တင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ရောင်းချမှုများရှိသကဲ့သို့ ပင်လယ်ရေကြောင်းမှလည်း အာဖရိက၊ ဥရောပနှင့် အာဆီယံနိုင်ငံအချို့သို့ ဆန်ရောင်းချနေသည်။ မြန်မာနိုင်ငံမှ ပြည်ပဆန်တင်ပို့မှု၏ ၅၀ ရာခိုင်နှုန်းကျော် ဈေးကွက်ရယူထားသော တရုတ်နိုင်ငံက ဖေဖော်ဝါရီကစတင်ပြီး ရပ်ဆိုင်းလုနီးပါးဖြစ်နေခြင်းကြောင့် ပင်လယ်ရေကြောင်းမှ တင်ပို့မှုတိုးမြှင့်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြိုးစားနေသည်။

**Source:** http://www.7daydaily.com/story/152466

## တရုတ်နိုင်ငံသို့ ပို့ကုန်လျော့၍ ရန်ကုန်-မူဆယ် ကုန်စည်ပို့ ဆောင်ခ ၂၀ ရာခိုင်နှုန်းခန့်ကျဆင်း

တရုတ်နိုင်ငံသို့ ပို့ကုန်ပမာဏလျော့နည်းခြင်းကြောင့် ရန်ကုန်-မူဆယ် ကုန်စည်ပို့ဆောင်ခ ၂၀ ရာခိုင်နှုန်းကျော် ပြန်လည်ကျဆင်းခဲ့သည်။ ရန်ကုန်-မူဆယ် ကုန်စည် ၁၇ တန် တင်ဆောင်နိုင်သော ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီးလျှင် ကုန်စည်ပို့ဆောင်ခ ကျပ် ၁၈ သိန်း မှ ၁၄ သိန်းသို့ ကျဆင်းပြီး ကုန်စည်ပို့ဆောင်ခ တစ်တန်လျှင် ကျပ်တစ်သိန်းကျော်မှ ကျပ်ရှစ်သောင်းကျော်သို့ ကျဆင်းခြင်းဖြစ်သည်။ ပြည်တွင်း၌ စက်သုံးဆီဈေး မြင့်တက်လာချိန်တွင် ကုန်စည်ရရှိမှုနည်းပါးခြင်းကြောင့် ပို့ဆောင်ခဈေးလျှော့ယူနေရခြင်းက ယာဉ်လိုင်းပိုင်ရှင်များအတွက် အခက်အခဲဖြစ်စေသည်ဟု အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (မူဆယ်) ဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောကြားသည်။

ပြည်တွင်းဒီဇယ်ဈေးသည် မတ်လအတွင်း ၄ ရာခိုင်နှုန်းခန့် မြင့်တက်လာသည်။ မတ်လဆန်းက ဒီဇယ်တစ်လီတာလျှင် ၈၇၅ ကျပ် ဈေးရှိသော်လည်း မတ်လ ၁၈ ရက်တွင် တစ်လီတာ ကျပ် ၉၁၀ သို့ မြင့်တက်သည်။ ၂၀၁၈ အတွင်းကလည်း စက်သုံးဆီဈေး စံချိန်တင်မြင့်တက်ပြီး ကားခကျဆင်းနေခြင်းကြောင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ကုန်တင်ယာဉ်ပိုင်ရှင်များ အခက်အခဲများစွာကြုံတွေ့ခဲ့ရကြောင်း မူဆယ်မြို့မှ ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးကပြောသည်။

တရုတ်နိုင်ငံသို့ ပို့ကုန်ပုံမှန်ရှိနေချိန်တွင် တစ်ရက်လျှင် ကုန်တင်ယာဉ် အစီး ၉၀၀ ကျော် မူဆယ်မြို့သို့ အဝင်ရှိသော်လည်း ယခုရက်ပိုင်း အနည်းဆုံး ၂၀ ရာခိုင်နှုန်း လျော့နည်းကြောင်း ၎င်းကပြောသည်။ တစ်ရက်လျှင် ကန်ဒေါ်လာ ၁၃ သန်းခွဲကျော် ကုန်သွယ်မှုရှိနေသော မူဆယ်၊ ရွှေလီနယ်စပ်ကုန်သွယ်ရေးသည် ယူနန်အစိုးရ၏ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအစီအစဉ်ကြောင့် ဖေဖော်ဝါရီကစတင်ပြီး မြန်မာနိုင်ငံမှ ဆန်၊ ပြောင်းဖူးစေ့စသော လယ်ယာထွက်ကုန်များအပါအဝင် ကုန်ပစ္စည်းများတင်ပို့နိုင်ခြင်းမရှိကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင်မှ အသင်းဝင်တစ်ဦးက ပြောကြားသည်။

**Source:** http://www.7daydaily.com/story/152467

## ထောပတ်သီးကို အမေရိကန်မှ ဝယ်ယူရန် ကမ်းလှမ်းထားသော်လည်း လက်ခံနိုင်ခြင်းမရှိသေးဟုဆို



မြန်မာနိုင်ငံမှ ထောပတ်သီးများအနက် ချင်း Hass အမျိုးအစား ထောပတ်သီးကို အမေရိကန်မှဟတ်တာ ၂၀၀ (၄၉၄ ဧက) အကျယ်အဝန်းတွင် စိုက်ပျိုးသည့်ပမာဏခန့် ဝယ်ယူရန် ကမ်းလှမ်းထားသော်လည်း တင်ပို့ရောင်းချရန် လက်ခံနိုင်ခြင်း မရှိသေးကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှသိရသည်။

အမေရိကန်ကို တင်ပို့ဖို့က G to G အရင် မညှိရသေးဘဲ မလုပ်ရဲ သေးတာရယ်၊ နောက်တောင်သူတွေ အဆင်သင့်မဖြစ်သေးလို့ လက်မခံသေးပါဘူး။ အခြားကမ္ဘောဒီးယားကိုလည်း ပို့သလို ဟောင်ကောင်ကို ၆၀၀ ဂရမ် အရွယ်အစား အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ စျေးနဲ့ပို့ပါတယ်။ စျေးကွက်တုံ့ပြန်မှု အရမ်းကောင်းပေမယ့် သူတို့လိုချင်တဲ့မျိုး ကွန်တိန်နာတစ်လုံးအပြင်မရှိသေးကြောင်း အဆိုပါအသင်းအတွင်းရေးမှူး ဒေါ်စန္ဒာမျိုးကပြောဆိုသည်။

ထောပတ်သီးများအား ပြည်ပမှအဝယ်လိုက်နေသော်လည်း မျိုးခွဲပြဿနာများရှိနေသည့်အတွက် စျေးကွက်ဝင်အဆင့်ကို မရောက်နိုင်ဘဲဖြစ်နေကြောင်းသိရသည်။ ထို့ကြောင့် ပြည်တွင်း၌ တစ်နှစ်လျှင် ထောပတ်သီးတန်ချိန် တစ်သိန်းခန့်ထွက်သော်လည်း တန် ၈၀၀ ခန့်သာ ပြည်ပသို့တင်ပို့နိုင်သေးကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (ရှမ်းပြည်နယ်တောင်ပိုင်း) မှ အဖွဲ့ဝင် ဦးခွန်ထွန်းထွန်းဦးကပြောဆိုသည်။ ထောပတ်သီးစျေးကွက်ကို အိမ်နီးချင်းနိုင်ငံတွေက စိတ်ဝင်စားကြောင်း၊ စျေးကွက်မှာလည်း စျေးကောင်းရကြောင်း၊ ဒါပေမဲ့ ပြည်တွင်းမှာ ထောပတ်သီးမျိုး အများကြီးထွက်နေပေမယ့် မျိုးမခွဲရသေးတော့ အခက်အခဲ ရှိကြောင်း၊ မျိုးခွဲပြီးရင်တော့ အခုထက်ပိုပြီး တင်ပို့နိုင်မှာဖြစ်ကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။ အသင်းအနေဖြင့် စျေးကွက်ဝင် ထောပတ်သီးမျိုးများအား ၂၀၁၅ ခုနှစ်ကတည်းက သုတေသနပြုလုပ်ထားရာ လာမည့်ရာသီ (ထောပတ်သီးပန်းပွင့်ချိန်) ကို စောင့်ကြည့်၍ လာမည့်နှစ် ဧပြီလခန့်တွင် စာအုပ်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထောပတ်သီးကို ပြည်ပတင်ပို့ရာတွင် ထိုင်းနိုင်ငံသို့ ရာခိုင်နှုန်း ၉၀ ကျော် တင်ပို့ရောင်း ချနေရခြင်းဖြစ်ပြီး တရုတ်၊ ဟောင်ကောင်၊ ကမ္ဘောဒီးယားနိုင်ငံများသို့လည်း တင်ပို့မှု ရှိကြောင်းနှင့် ထောပတ်သီးတစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၂၀၀ မှ ၁၅၀၀ အကြား စျေးရရှိကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် ထောပတ်သီးစိုက်ဧက ၃၀၀၀ ဝန်းကျင်ရှိပြီး အဓိကအားဖြင့် ရှမ်း ပြည်နယ်နှင့် ချင်းပြည်နယ်တို့၌ စိုက်ပျိုးထုတ်လုပ်သလို Hass၊ Reed၊Zutano၊ Fuerte၊ Bacon၊ Lamb-hass တို့ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်းသိရသည်။

**Source:**https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1766-avocado.html

## ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတင်ပို့ ရာတွင် ပူးပေါင်းဆောင်ရွက်ရန်ဖိတ်ခေါ်

အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်သည့် (G to G) စနစ်အရ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏စီစဉ်မှုဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲစုပေါင်းရောင်းချတင်ပို့ရာတွင်ပါဝင်ပူးပေါင်းဆောင်ရွက်လိုသည့်အသင်းဝင်ကုမ္ပဏီများကို မတ်လ ၁၃ ရက်နေ့မှ စတင်ဖိတ်ခေါ်ထားကြောင်း ယင်းအသင်းချုပ်ထံမှသိရသည်။ ပူးပေါင်းဆောင်ရွက်လိုသည့် အသင်းဝင်ကုမ္ပဏီများရှိပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သို့ ဆက်သွယ် အကြောင်းကြားရန်နှင့် အသင်းချုပ်ဖေ့စ်ဘွတ်ပေ့ချ်တွင်ဖော်ပြထားသည့် ကုမ္ပဏီ Letter Head ကိုဖြည့်စွက်၍ မတ်လ ၃၁ ရက်နေ့အထိ နောက်ဆုံးထား တင်ပြလျှောက်ထားနိုင်ကြောင်း ယင်းအသင်းချုပ်ထံမှ သိရသည်။

အသင်းချုပ်က သတ်မှတ်ထားသည့်အတိုင်း စာရင်းပေးသွင်း အဆိုပြုထားသည့် ကုမ္ပဏီများကိုဖိတ်ခေါ်၍ ပို့ကုန်တင်ပို့မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကူညီစီစဉ်ပေးသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က ဖော်ပြထားသည့် ကုမ္ပဏီ Letter Head တွင် နှစ်စဉ်ဆန်နှင့် ဆန်ကွဲတင်ပို့သည့်ပမာဏ၊ ကုမ္ပဏီ၏ ဆန်သိုလှောင်ရုံများ အကျယ်အဝန်း၊ တင်ပို့သည့် ဆန်အမျိုးအစား၊ လယ်သမားနှင့်အကျိုးတူ လယ်ယာလုပ်ငန်း၊ စုစုပေါင်းစိုက်ဧက၊

ဆန်စက်တစ်နေ့ထုတ်လုပ်နိုင်မှုများကို ဖြည့်စွက်ရမည်ဖြစ်သည်။ ပြီးခဲ့သည့် မတ်လ ၇ ရက်နေ့က မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်၏ ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးပြုလုပ်၍ G to G အစီအစဉ်အပါအဝင် စုပေါင်းရောင်းချသည့် အစီအစဉ်ဖော်ဆောင်ရန် ဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးပွဲအပြီးတွင် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1762

## ပြည်တွင်း၌ဆီစားသုံးမှုသည် ပြည်ပနိုင်ငံများထက် နှစ်ဆပိုမိုများပြား



ပြည်တွင်း၌ လူတစ်ဦးချင်းစီ၏ နေ့စဉ်ဆီစားသုံးမှုသည် ပြည်ပ နိုင်ငံများထက် နှစ်ဆပိုမိုများပြားနေကြောင်း မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၏ ပြောကြားချက်အရ သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သတ်မှတ်ချက်အရ လူတစ်ဦး သည် တစ်လလျှင် ဆီ ၅၀ ကျပ်သား စားသုံးပါက လိုအပ်သော ပမာဏပြည့်မီသည်ဟု သတ်မှတ်ထားသော်လည်း မြန်မာနိုင်ငံ၌ လူတစ်ဦးလျှင် ဆီတစ်ပိဿာကျော်အထိ စားသုံးနေကြောင်းသိရသည်။

ပြည်တွင်းမှာ ဆီစားသုံးမှုက တခြားနိုင်ငံတွေထက် နှစ်ဆလောက်ပိုများတယ်။ ဈေးချိုရင်ချိုသလို၊ ဈေးပေါရင် ပေါသလို ဆီကိုသုံးကြတယ်။ အဲဒီလိုမသုံးဘဲ အန္တရာယ်ကင်းတဲ့ဆီကို ဝယ်ယူစားသုံးဖို့ ပညာပေးတယ်။ အရည်အသွေးပြည့်မီတဲ့ ဆီကို စားသုံးဖို့ဆိုရင် ဈေးနှုန်းကြီးတဲ့အတွက် ဆီစားတာလျှော့လာမယ်။ အဲဒါဆိုရင် ကျန်းမာရေးနဲ့လည်းညီညွတ်မယ် ဦးထွန်းထွန်းဦးကပြောသည်။

ဆီစားသုံးသူအများစုသည် စားအုန်းဆီများနှင့် ရောနှောဆီများကိုသာ စားသုံးနေခြင်းဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်စေ ရေး ဆီလျှော့၍ စားသုံးရန်လိုအပ်ကြောင်းသိရသည်။ ပြည်တွင်းသို့ တင်သွင်းနေသည့် စားအုန်းဆီများ ဆိပ်ကမ်းများသို့ ရောက်ရှိချိန်တွင် တာဝန်ရှိသူများ၏ စစ်ဆေးမှုအရ ကျန်းမာရေးနှင့် ညီညွတ်သည်ဟု ပြောကြားထားသော်လည်း ဆီစားသုံးမှုကို လျှော့ချရန်လိုအပ်လျက်ရှိသည်။ ပြည်တွင်း၌ ဆီစားသုံးမှုလိုအပ်ချက်အရ စားအုန်းဆီ စတင် တင်သွင်းခဲ့ချိန်က တစ်လလျှင် တန်ချိန်သုံးထောင်မှ လေးထောင်ဝန်းကျင်သာ တင်သွင်းရသော်လည်း ယခုအခါ တစ်လလျှင် တန်ချိန်ရှစ်သောင်းဝန်းကျင်အထိ တင်သွင်း နေရကြောင်းသိရသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1760

## ယခင်နှစ်ထက် ပြောင်းဆန်ဈေးနှုန်းများကျဆင်း

ယခင်နှစ်ထက် ပြောင်းဆန်ဈေးနှုန်းများမှာ ၃၀ရာခိုင်နှုန်းကျဆင်းနေကြောင်း မြန်မာနိုင်ငံပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှသိရပါတယ်။ တရုတ်ဝယ်လိုအားနည်းလာခြင်းကြောင့် မြန်မာ့ပြောင်းဆန်ဈေးနှုန်းများ ယခင်နှစ်ထက် ကျဆင်းလာတာဖြစ်ကြောင်း မြန်မာနိုင်ငံပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှသိရသည်။

ပြည်တွင်းမှာ ပြောင်းဆန်က တအားများနေပေမယ့် ဝယ်လိုအားကနည်းနေတော့ ဈေးနှုန်းတွေက အရင်နှစ်ကထက် ရာခိုင်နှုန်း ၃၀ နီးပါးလောက်ကျဆင်းနေတယ်။ အခုချိန်ကလည်း တရုတ်ဘက်က ပြောင်းပေါ်တဲ့ရာသီချိန် ရောက်နေတာလည်းပါတော့ ဝယ်လိုအားကလည်း နည်းနေတာဖြစ်ကြောင်း မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ ဥက္ကဋ္ဌဦးမင်းခိုင်ကပြောသည်။

ယခင်ဘဏ္ဍာနှစ်ကပြောင်းဆန်ဈေးနှုန်းမှာ တစ်ပိဿာကို ၇၅၀ကျပ်ရရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ် အတွင်း ပြောင်းဆန်ဈေးနှုန်းမှာတစ်ပိဿာကို ၅၀၀ကျပ်သာရရှိနေတဲ့အတွက် ဈေးနှုန်းကျဆင်းလာခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာ့ပြောင်းဆန်ကို တရုတ်ပြည်သို့ အဓိကတင်ပို့ရောင်းချနေပြီး၊ ထိုင်းနိုင်ငံသို့လည်း တင်ပို့လျက်ရှိနေကြောင်း မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှသိရသည်။

**Source:** https://www.facebook.com/gromaxxmyanmar/?epa=SEARCH_BOX

# STOCK EXCHANGE (19.3.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 19th Mar. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +100 | +1.15% | 8,800 | 8,800 | 8,700 | 323 | 2,841,400 | 27,112,747 | 238,592 |
| MTSH | 00002 | 2,800 | -50 | -1.75% | 2,800 | 2,850 | 2,800 | 1,076 | 3,039,950 | 38,929,150 | 109,002 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 0 | 0 | 10,400,986 | 73,847 |
| FPB | 00004 | 21,000 | +0 | +0.00% | 20,500 | 21,000 | 20,500 | 330 | 6,780,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,212,906 | 32,364 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 370.42 | +0.56 | +0.15% | 370.42 | 370.42 | 370.42 | 1,729 | 12,661,350 | 5 | 505,718 |


### Index chart




## Market Overview

As of 1:00 pm, 19th Mar. 2019

| MYANPIX | 370.42 ▲ 0.56 |
|---|---|
| Total Volume (shares) | 1,729 |
| Total Value (MMK) | 13 mil |
| Listed Company | 5 |
| Market Cap. (MMK) | 505,718 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 100 |
| MTSH | 00002 | 2,800 | ▼ 50 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |